

ငွေရည်ဖွဲ့

(ခွင့်ထူးပန်)

# နှောင်တွယ်မိသော ... ချစ်ကြိုးမျှင်



# နှောင်တွယ်မိသော ... ချစ်ကြိုးမျှင်

## အပိုင်း(၁)

"မုန်း မုန်း ညီမလေးထတော့လေ ... အိပ်ပုတ်လေး သင်တန်းသွားရမှာ နောက်ကျနေမယ် ..."

ပန် ဘုရားကန်တော့ပြီး မုန်းကို လာနှိုးတာဖြစ်သည်။ မုန်းတစ်ယောက် ချစ်စဖွယ်အမူရာလေးနဲ့ မျက်လုံးကမဖွင့်သေးဘူး သူ့အစ်မဖြစ်သူကို ပြော လိုက်တာက ...

"၅ မိနစ်ပဲမမ ခဏလေးပဲနော် ..."

ပန် လည်းပြုံးရင်း ...

"အရှူးမလေး ဘာ၅မိနစ်လဲ ကျူပ် ရှင်လေးကို ကျောင်းသွားဖို့ အမိလာနှိုး တာပါနော် ဇနာရီထိုးတော့မယ် ..."

ထိုအခါကျမှ မုန်းပျာပျာသလဲ ထလာပြီး နာရီကိုကြည့်လိုက်သည်။

"ဟင် ... မမနော် လူကြီးဖြစ်ပြီး မုန်းကိုညာတယ် ဘယ်မှာ ဇနာရီထိုးသေး လို့လဲ အခုမှ ဘုရားခန်းထဲက ထွက်လာတာမလား ... ကြည့် ကုသိုလ် တစ်ဝက် ငရဲတစ်ဝက်ရတော့မှာပဲ ..."

ချစ်စဖွယ် အမူရာလေးနဲ့ပြောလာတဲ့ ညီမဖြစ်သူကို ပန် ချစ်တဲ့မျက်ဝန်း လေးနဲ့ အသည်းယားစွာ ကြည့်လိုက်သည်။ သူ့ညီမပုံစံလေးက အိပ်ရာထ ကာစ ဘာမှမပြင်ရသေးတာတောင် ချစ်စဖွယ်အတိ

"ရှင်လေးနာရီ ခုတင်ခဲအားကုန်နေတာ မလဲရသေးဘူးလေ နာရီလည်း

ကြည့်လိုက်ဦး လက်တံကလည်ရဲ့လားလို့ ..."

ထိုအခါမှမုန်းလည်း လက်ထဲကိုင်ထားတဲ့ စားပွဲတင်နာရီလေးကို ကြည့်လိုက်သည်။

"ဟီး ... ဟုတ်သားပဲ မုန်း မေ့နေတာ ..."

"ဟွန့် ... ဆိုစမ်းပါဦး ညက ဘယ်နှနာရီမှ အိပ်သလဲလို့ ..."

"ဟဲဟဲ အဲဒါကလေ ဟို မုန်းက တခြားလုပ်နေလို့မဟုတ်ပါဘူး မမရဲ့ သင်တန်းကစာတွေကို ပြန်လေ့လာနေရင်းနဲ့ ..."

စကားကို ထိုနေရာမှာတွင်ရပ်ကာ ဆက်မပြောတော့ ...

"ဆက်ပြောလေ လေ့လာရင်းနဲ့ ဘာဖြစ်လဲ ..."

"ဟီး လေ့လာရင်းနဲ့ ကိုကိုLiveလွှင့်တာကိုကြည့်ရင်း ညဥ့်နက်သွားတာ ..."

သိသားပဲဆိုတဲ့ပုံစံမျိုးနဲ့ ပန် ညီမဖြစ်သူကို ပြုံးကြည့်လိုက်သည်။ သူ့ညီမလေးက စကြာဝဠာခွင်းကို အသည်းစွဲကြိုက်တာ သူမသိသည်။ Liveဆိုလည်းမလွတ်၊ ထွက်သမျှ အခွေတွေလည်းဝယ် ...၊ ဟော ပွဲတွေဘာတွေလုပ်လို့ သူပါတဲ့ပွဲဆိုလည်း သူမလေးက ကျောင်းပျက်ပြီးသွားသေးတာ ... အခုတောင် ခွင်းက ကြော်ငြာကိစ္စနဲ့နိုင်ငံခြားကို ရောက်နေတယ်ဆိုလား ဘာလား ဒါကြောင့် သူ့ညီမလေး ဒီရက်ပိုင်း ခဏငြိမ်နေတာ ဒါတောင် ညကLiveကြည့်သေးတယ်။ ခေါ်တာတောင် အစ်မရှေ့မှာအားမနာ ကိုကို ကိုကိုဆိုတာ ပါးစပ်ဖျားကမချ၊ တစ်ခါတစ်ခါ သူမတွေးမိတာ သူမညီမလေးကသူ့ကို Idolတစ်ယောက်လို ကြိုက်တာရော ဟုတ်ရဲ့လားလို့။ သူနဲ့ပတ်သက်လာရင် ညီမလေးက လုံးဝမကြိုက် သူ့အကြိုက်တွေ သူမကြိုက်တာတွေ အကုန်သိသည်။ အချိန်ရှိတိုင်း သူနဲ့ပတ်သက်တာမှန်သမျှ ဘယ်

နေရာမှမလွတ် အကုန်စုံစမ်းနေသူ ဒီနေ့ ဘာအဝတ်စားဝတ်တယ်၊ ဘာစားတယ် ဆိုတာကအစ သူများတွေထက် အရင် သူ့ညီမလေးက ကြိုသိသူ။ ခွင်း မကြိုက်တဲ့ပုံစံမျိုး ဆိုရင်လည်း အစ်မဖြစ်သူ ပြုပြင်တာတောင် မရတဲ့ သူက ခွင်းကြောင့် ပြုပြင်တာတွေ ရှိသေးသည်။ Idolတစ်ယောက်ကို အားပေးချစ်ခင်တာထက် ညီမလေးက ပိုနေသည်ဟု သူမထင်၏။ ဒါပေမဲ့လည်း သူမအပြစ်မဆိုပါ။ ကိုယ့်ရွေးချယ်ခွင့်နဲ့ကို ညီမလေးကို လွတ်လပ်မှု အပြည့်ပေးထားသည်။ သူ့ညီမလေး ဘယ်တော့မှ လမ်းမှားမရောက်နိုင်ဘူးဆိုတာလည်း သူယုံကြည်တယ်။

"မမ မနက်စာ ဘာပြင်ထားလဲဟင် ..."

"ခေါက်ဆွဲသုပ် ..."

"ဟီး ... စားမယ် ... မုန်း အမြန်လုပ်ပြီး ဆင်းခဲ့မယ်နော် မမသွားတော့ ..."

အတင်း အစ်မဖြစ်သူကို နှင်လွှတ်နေတဲ့မုန်းကို ပန်ကြည့်လိုက်သည်။

"ရှင်လေးနော် ကျွန်မ သိပ်မပြောချင်ဘူး ..."

"မပြောချင်မပြောပါနဲ့မမရယ် မမပဲမောမယ် သွားတော့နော် မုန်းကိုစောင့်နေ ခဏပဲ ..."

"ရှင့်ခဏဆိုရင်ကို ကြောက်လွန်းလို့ပါ ဒေါ်မုန်းပန်းပလွှာလေးရယ် ..."

"မမကလည်းလေ ဒီတစ်ခါ တကယ် ခဏလေးပဲ ..."

ပန်လည်း ခေါင်းယမ်းကာ ထွက်လာခဲ့တော့သည်။ သူ့ညီမ ခဏဆိုရင်ကို သူမယုံချင်တော့ဘူး ...။ ဟိုတစ်ခါလည်း ဘုရားသွားဖို့ခေါ်တာ ခဏလေး မမဆိုပြီး ၁နာရီကြာသည်။ ဟိုတစ်လောကကျပြန်တော့လည်း သူမ အပြင်သွားစရာရှိလို့ ညီမဖြစ်သူကို အမြန် ပြန်လာဖို့ခေါ်ထားတာ ပြန်လာနေပြီ လမ်းမှာ ခဏလေးဆိုပြီး ၂နာရီနီးနီးကြာမှ ပြန်ရောက်လာခဲ့တော့ အဲဒီနေ့

က သူမချိန်းထားတဲ့ကိစ္စ မသွားလိုက်ရ။ ဒါတောင် ကျန်သေးသည်။ ပြော ရင်ကို မုန်းရဲ့ ခဏအကြောင်းက ကုန်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် မုန်း ခဏဆိုရင်ကို သူမလန့်နေသည်။

***

"Morning မမ ..."

"Morning ..."

ပြောလည်းပြော ပန် လက်က နာရီကို ကြည့်လိုက်သည်။

"ဘယ်လိုလဲမမ ဒီတစ်ခါ တကယ် ခဏပဲမလား ..."

"အင်း နာရီဝက်လောက်ပါပဲ ..."

ပြောတော့ မုန်းက သဘောကျစွာ ရယ်လိုက်သည်။ ကလေးဆန်ဆန် အမူ ရာလေးနဲ့ သူ့ညီမလေးက အသည်းယားစရာ။

"ရယ်မနေနဲ့ အစ်မတော် စားစရာရှိတာစား ရှင့်ကား ပျက်နေတာမလား ကျွန်မ လိုက်ပို့ပေးမယ် ... ကြာတော့မကြာစေနဲ့ ဒီနေ့ အရေးကြီးသည့်သည် နဲ့ စိန်ကိစ္စပြောစရာရှိလို့"

မုန်းလည်း ခေါင်းညိတ်ပြကာ တူကိုယူပြီး ခေါက်ဆွဲ စားလိုက် တော့သည်။ သူမတို့က ညီမနှစ်ယောက်တည်း ရှိတော့တာပါ။ မိဘတွေက မရှိတော့ဘူး မမကပဲ သူမကို ညီမလို သမီးတစ်ယောက်လိုပြုစုစောင့် ရှောက်ပေးကာ အစ်မကြီးပီသသလို မိခင်တစ်ယောက်နှင့်လည်းမခြား ...။ မိဘအမွေဖြစ်တဲ့ စိန်တိုက်ကြီးကို တစ်ယောက်တည်း နိုင်နင်းစွာ ဦးဆောင် နိုင်သူ။ ဆိုင်ခွဲတွေလည်း ဖွင့်ထားတာရှိသေးသည်။ ရင့်ကျက်တည်ငြိမ်ပြီး သူမအတွက်လည်း အတုယူစရာ လူတစ်ယောက်လိုဖြစ်၏။ မိန်းကလေး နှစ်ယောက်တည်း နေပေမဲ့ မမက ပတ်ဝန်းကျင်မှာ လူပြောစရာမဖြစ်

အောင် အထင်သေး နှိမ့်ချတာတွေ မရှိအောင် လမ်းပြ သွန်သင်ကာ ထိန်းထိန်းသိမ်းသိမ်း နေတတ်သည်။ ဒါကြောင့် သူမတို့ကို ပတ်ဝန်းကျင်မှာ ပြောရဲဆိုရဲတဲ့လူမရှိသလို လူကြားထဲမှာလည်း ခေါင်းမော့ရင်ကော့ကာ သွားလာနိုင်သည်။ တစ်ခုပဲ မုန်းက အငယ်ဆိုတော့ မမလို တည်တည်ငြိမ်ငြိမ်မနေနိုင် သူငယ်ချင်းတွေနဲ့ လည်ပတ်သွားလာတတ်သည်။ ဒါပေမဲ့ မမက သူမကို ချုပ်ချယ်စကားဆိုတာ တစ်ခုမှမရှိ။ လူဆိုတာ လွတ်လွတ်လပ်လပ် နေချင်ကြတယ် လွတ်လပ်မှုကို ကြိုက်နှစ်သက်ကြတယ်ဆို တာ မမသိတယ်။ ဒါကြောင့် မမ ညီမလေးကို မချုပ်ချယ်ချင်ဘူး တစ်ခုပဲ ညီမလေး ဘယ်တော့မှ အပျော်လွန်ပြီး လမ်းမှားမရောက်စေနဲ့ … မမရဲ့ဆုံးမပြောဆိုမှုက ဒီလောက်နဲ့ရပ်စမြဲပဲ … အဓိပ္ပာယ်ပါပြီး ထိရောက်နားဝင်အောင် မမက ပြောဆိုတတ်သည်။ ဒါကြောင့်လည်း သူမက မမကို ချစ်ကြောက် ရိုသေရ၏။ တစ်ခါတလေတော့လည်း အငယ်ဆိုတော့ မမကိုချွဲမိသည်။ ထိုအခါတွေကျရင်လည်း မမဘက်က မငြိုငြင် သူမကို အပြုံးလေးနဲ့သာ တုံ့ပြန်ပြီး လိုတာမှန်သမျှကို ဖြည့်ဆည်းပေးသည်။

***

ခွင်းတစ်ယောက် ဒီနေ့နားရက်မို့ အခန်းတွင်းအောင်းနေသည်။ မနက်ဖြန်သန်ဘက်ခါဆို သူ့အမိမြေဖြစ်တဲ့ မြန်မာနိုင်ငံကို ပြန်ရတော့မယ်။ အခုလက်ရှိက ကြော်ငြာကိစ္စအတွက် သူရောက်နေတာ တစ်ပတ်လောက်ရှိပြီ။

တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ကော်ဖီခွက်ကိုကိုင်ကာ Hotelရဲ့အပေါ်စီးကနေမြို့ရဲ့ အလှတရားတွေကို သူကြည့်မိသည်။

အသားဖြူဖွေးပြီး နုဖပ်တဲ့အသားအရေရှိကာ ဖြောင့်တန်းတဲ့နှာတံကအောက်နားမှာ လုံးလုံးလေး ဖြစ်သွားတဲ့ပုံက သူ့နှာတံလေးကို ထင်းစေတယ်။

မေးရိုးတွေကလည်း ကျကျနန ထင်းလျက်သား ရှိနေပုံက သူ့မျက်နှာကို အချိုးကျကျနဲ့လှပစေပြီး နီစွတ်စွတ်နှုတ်ခမ်းသားက မိန်းကလေးတိုင်းကို ဆွဲဆောင်နေသလို အမြဲတမ်း ခပ်တည်တည် ရုပ်တည်ကြီးနေတတ်သူ သူ့ အဖို့ ရေခဲတုံးလို အေးစက်စက်နေတဲ့ သူလို့အများကပြောကြသလို။ မိန်းက လေးတွေကိုလည်း စိတ်ဝင်စားမှုတစ်ခါမှမပြ ချစ်သူရည်းစား မရှိတာကြော င့်လည်း တော်တော်များများကသူ့ကို Gayနေသည်ဟု ထင်ကြသည်။

ထိုအချိန် ဖုန်းလာတာကြောင့် ခွင်း စားပွဲပေါ်တင်ထားတဲ့ဖုန်းကို သွား ကိုင်လိုက်သည်။

နံပါတ်က သူမရင်းနှီးတဲ့နံပါတ်။ အလုပ်ကိစ္စ ဆက်တယ်မှတ်လို့ သူကိုင် လိုက်ပေမဲ့ တစ်ဖက်ပြောလာတာက ...

"ဟယ်လို ကိုကိုနေကောင်းလား ..."

ဒီမျှလောက်သာပြောပြီး ဖုန်းကကျသွားသည်။ ခွင်းလည်း ကျသွားတဲ့ဖုန်း ကိုကြည့်ရင်း တစ်ချက်မျှ နှုတ်ခမ်းထောင့်ကျုံ့ ပြုံးလိုက်ရင်း ...

"အဟက် ... ဘယ်လိုလူကများ ဖုန်းဆက်ပြီး အခုလိုပြောရဲတာလဲ ..."

မေးခွန်းရဲ့အဖြေကို မသိသလို သိချင်စိတ်လည်း သူ့မှာရှိမနေခဲ့။ တစ်ဖက် က မိန်းကလေး ဖြစ်နေတာကြောင့် ပိုဆိုးသည်။ မိန်းမဆိုရင် ကြီးကြီးငယ် ငယ် သူမပတ်သက်ချင်။ သူနဲ့ဆန့်ကျင်ဘက်ဖြစ်စွာ မိန်းကလေးတိုင်းနဲ့ ပွေရှုပ်နေသူ တစ်ယောက်တော့ရှိနေသည်။ သူကတော့ ... ...

***

မီးပြတိုက် ကန်ရေပြင်ကိုကြည့်ရင်း အနောက်က မိန်းကလေးကို ကျောခိုင်းထားသည်။

"တိုက် ရှင်လွန်တယ်လို့ မထင်ဘူးလား ..."

လူကိုကြည့်မလာဘဲ ခေါင်းယမ်းပြနေတဲ့ တိုက်ရဲ့ပုံစံကြောင့် ခတ္တာ ဒေါသထွက်နေရသည်။

"ရှင် ကျွန်မကို အရေးလည်းလုပ်ဦး တိုက် ..."

ထိုအခါမှ အလိုမကျသလို သူမဘက်ကိုလှည့်ကြည့်လာပြီး ...

"လုပ်စရာမှမလိုပဲ ခတ္တာ ငါမတွဲချင်တော့လို့ဖြတ်တာ ငါလွန်ရောလား ... မတွဲခင်ကတည်းက ငါ့အကြောင်းတွေ မင်းသိသလို မင်းနဲ့ဘယ်ရွေ့ဘယ်မျှ တွဲမယ်ဆိုတာကအ စပြောခဲ့ပြီးသားနော် ..."

မီးပြတိုက်ဆိုတဲ့သူက မိန်းကလေးတွေကို ထည်လဲတွဲပြီး ပွေရှုပ်နေတဲ့လူတစ်ယောက်။ ခွင်းနဲ့အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်နေပေမဲ့ Typeက လုံး၀ကိုကွာခြားနေသည်။ သူကမိန်းကလေးတစ်ယောက်ကို တစ်ပတ်ထပ်ပိုမတွဲ။ တစ်လဆိုတာ သူ့အတွက် အကြာဆုံးဖြစ်သည်။ သို့ပေမဲ့ သူနဲ့တစ်လတွဲနိုင်တဲ့လူဆိုတာ မရှိ။ သူကလည်း မတွဲခဲ့။ အလွန်ဆုံး ၂ပတ် ၃ပတ်ထက် ပိုမတွဲ။ ခတ္တာနဲ့တွဲမယ်ဆိုတုန်းကလည်း သူမဘက်ကတွဲဖို့လာပြောလို့ အားနာပါးနာနဲ့ သူမပုံစံကြောင့် ၂ပတ်လောက်တွဲဖို့ပြောခဲ့ပေမဲ့ ၃ ပတ်ကြာသွားခဲ့သည်။ ဒီလောက်ဆို လုံလောက်သလို သူလည်း ခတ္တာကို Feelမလာတော့။ ဒါကို သူမ မသိလေရော့လား ...။

"မှန်ပါတယ် ... ခတ္တာလည်း သဘောတူခဲ့တာပဲ ဒါပေမဲ့ တိုက်ရယ် ခတ္တာမှ မမေ့နိုင်သေးဘဲ နောက်ထပ် တွဲကြရအောင်နော် ..."

ဒေါသထွက်နေပေမဲ့ သူမပြန်အောက်ကျို့ကာ ပြောနေရသည်။ မီးပြတိုက်ဆိုတဲ့ သူ့လိုလူက လက်လွှတ်သင့်တဲ့ လူစားမျိုးမှမဟုတ်ဘဲ။

"ငါ မင်းပုံစံကိုရိုးသွားပြီ အပိုတွေထပ်မပြောနဲ့တော့ အချိန်ကုန်တယ် ငါချိန်းထားတာ ရှိသေးလို့ သွားတော့မယ် ..."

ပြောပြီး ထွက်သွားတဲ့ တိုက်ပုံစံကိုကြည့်ရင်း မခံချိမခံသာနဲ့ ခတ္တာတစ်ယောက် ကျန်ခဲ့ရသည်။ အသားဝါမလိုဖြူမလိုနဲ့ သူ့အသားရေက ကြည့်ကောင်းလှသည်။ အရပ်မြင့်မြင့် လေးထောင့်ဆန်တဲ့မျက်နှာ နှုတ်ခမ်းမွေးနဲ့ မျက်ခုံးမွေးရေးရေးလေးတွေ မထူမပါးနဲ့ စီးကရက်တွေ အသောက်များလို့ ပြာသလိုနဲ့ အနီဘက်လည်းသန်းနေတဲ့ နှုတ်ခမ်းတွေကလည်း ဆွဲဆောင်မှုရှိလှပြီး အညိုရောင်လဲ့နေတဲ့ ညို့မျက်ဝန်းတစ်စုံနဲ့ ခန့်ညားတည်တံ့သလို ထင်ရတဲ့သူ့ပုံက ဘယ်သူမှမတူဘဲ ကွဲပြားနေပြန်သည်။ ဒါတင်မကသေး နာမည်ကြီး ကုမ္ပဏီတစ်ခုရဲ့ အမွေဆက်ခံသူ ဖြစ်နေတာကြောင့် လိုချင်သူတွေက ဒုနဲ့ဒေး မိန်းကလေးတန်မဲ့ ကပ်ကြတာတွေလည်းရှိသည်။ ထိုအထဲမှာ ခတ္တာဆိုတဲ့ သူမလည်းပါတယ်။ဒါကြောင့် သူအခုလို ရှုပ်နေတာမမှား။ မိန်းကလေးတွေက မြောင်းဖောက်ပေးနေတော့ သူ့ဘက်က အဆင်သင့်ရေစီးပေးရုံမို့ သူပါကာ ပွေရှုပ်တယ်ဆိုတဲ့နာမည်သာ ကြီးသွားရသည်။ အချစ်ဆိုတာ သူ့အတွက် လိုမယ်လို့တော့မထင်။ မိန်းမတွေနဲ့ရှုပ်နေပွေနေပေမဲ့ ထိုမိန်းမတွေကို အထင်မကြီး အားလုံးက သူ့ပိုင်ဆိုင်မှုတွေကြောင့် အထာပေး ချဉ်းကပ်ကြတာချည်းပဲ။ တိုက်ဆိုတဲ့သူကလည်း လွတ်ပေးရိုးမှမရှိဘဲ။ ထိုစကားအရာတွေကြောင့် သူ့ကို အထင်တော့မလွဲစေချင်။ မီးပြတိုက်ဆိုတဲ့သူက ရှုပ်ပေမဲ့ မိန်းကလေးတွေကို လက်ကိုင်တာကလွဲရင် အဆင့်မတက်ခဲ့။ အလကားရတိုင်း ရေအသေသောက်မယ့် လူစားထဲမှာ သူမပါသလို ပွေရှုပ်တယ်ဆိုတဲ့ ဂုဏ်ပုဒ်ကလွဲပြီး ယုတ်မာတယ်ဆိုတဲ့ဂုဏ်ပုဒ်ကို ထပ်တိုးပြီး မရချင်တာ သူသာအသိ။

***

အပိုင်း(၂)

မုန်းအတွက် ဒီနေ့က ပျော်စရာတွေနဲ့ စတင်ရမယ့်နေ့ဖြစ်နေသည်။ သူမဘဝမှာ ပထမဆုံး ကိုကို့ဖုန်းနံပါတ်လေးကို ခေါ်မိခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ်မှာတင် ဖုန်းကိုင်တာနဲ့ ကြုံခဲ့ရသည်။ ကိုကို့ဘက်က အလုပ်ကိစ္စထင်လို့ ကိုင်တယ်ဆိုတာ သူမနားလည်နိုင်ပေမဲ့ ပျော်ရွှင်နေတာတော့ အမှန်ပင်ဖြစ်၏။ ကိုကိုက မိန်းကလေးတွေနဲ့မပတ်သက် ပြောဆိုဆက်ဆံတာ သိပ်မရှိတော့ လူတိုင်းက ကိုကို့ ကိုGayနေတယ်လို့ပြောကြတာ သူမကြားသိနေပေမဲ့ ကိုကို့ဘက်ကလိုက်စွာ ကိုကိုကယောက်ျားစစ်စစ်ဆိုတာ ယုံကြည်ပြီး သူငယ်ချင်းတွေနဲ့ပါ တစ်ခါတစ်ခါ စကားများရသေးသည်။ သူတို့ကိုယ်တိုင်ကလည်း နင်ကြိုက်နေတဲ့နင့်Idol သရုပ်ဆောင်စကြာဝဠာခွင်းက Gayနေတာလို့ပြောတဲ့အချိန် ရန်ဖြစ်ပြီ။ စကားမပြောဘဲ နေတာက အဆစ်ပါသေး။

"အံမယ် မုန်း ဒီနေ့ပျော်နေပါလား ..."

သင်တန်းရှေ့က ကော်ဖီဆိုင်မှာ သူမ ထိုင်နေတုန်း သူမသူငယ်ချင်းတွေက ရောက်လာကာ စကားဆိုလာသည်။

"ဟုတ်တယ် ..."

"ဘာလို့လဲ ..."

မုန်း မဖြေချင်ပါ။ ဖြေလိုက်ရင် မုန်းရဲ့ အပျော်လေးတွေပျောက်ပြီး သူတို့နဲ့ စကားများရဦးမှာ။ ဒီနေ့အတွက်တော့ သူမ အပြည့်ဝ ပျော်ချင်သေးသည်။

ဒါကြောင့် မုန်း ခေါင်းယမ်းလိုက်ရင်း

"ဘာမှမဟုတ်ပါဘူး ဒီနေ့မမက ငါ့ကို သင်တန်းလိုက်ပို့ပေးလို့ ..."

လိမ်ညာခြင်းမမည်တဲ့ မုသားလုလုလေးကို သူမမုန်းသုံးလိုက်သည်။ တကယ်လည်း မမက မုန်းကို သင်တန်းလိုက်ပို့တယ်ဆိုတာ ရှိတာမှမဟုတ်ဘဲ။ မုန်းကားနဲ့သာ မုန်းသွားပြီ ဒီနေ့ကားပျက်မှသာ မမလိုက်ပို့တာနဲ့ကြုံရတာ။ အရင်က ကားပျက်ရင်Taxiနဲ့သွားနေကျ။

"ဟုတ်ပါပြီ ... နင်တို့ညီမတွေက ဒီလောက်ချစ်တာ သင်တန်းကို လိုက်ပို့တာနဲ့ နင်ပျော်နေတယ်ဆိုတာ ဟုတ်ပ့ါမလား ဒါလေးက အသေးဖွဲလေးဟာကို ..."

မယုံသင်္ကာမျက်လုံးနဲ့ စူးစိုက်ကြည့်ပြီး မေးလာတဲ့ သူငယ်ချင်းဖြစ်သူကို အပြုံးနဲ့တုံ့ပြန်ရင်း ...

"အသေးဖွဲလေးတွေကလည်း တကယ်ချစ်ပြီး နွေးထွေးတဲ့မိသားစုထဲမှာ ပျော်ရွှင်စရာပဲလေ ... နေမကောင်းလို့ ဝေးနေရင်တောင် ဂရုစိုက်ဦးဆိုတဲ့ စကားက ဘယ်လောက်တောင် ခွန်အားဖြစ်စေလဲ ... အဲဒီလိုပဲ အခုငါကားပျက်တဲ့အချိန်တွေထဲမှာ ပထမဆုံးအကြိမ်အဖြစ် မမက ဂရုတစိုက်နဲ့ ငါ့ကို လိုက်ပို့ပေးတာ ငါမပျော်ရဘူးလား"

အချက်ကျကျ မုန်းဖြေလိုက်မှ သူငယ်ချင်းမနှစ်ယောက်လုံး ခေါင်းညိတ်ကာ သဘောပေါက်သွားကြသည်။ သူမပြောတာတွေထဲကလည်း မှားတာတွေမှမဟုတ်ခဲ့ဘဲ။

***

"ရင်အေး ... ဘာတွေ ဒေါသထွက်လာတာလဲ ..."

ပန် အရေးကြီးသည့်သည်နဲ့ တွေ့ပြီး ဆိုင်ကိုအလာ အထဲရောက်တော့

ထောင့်တစ်နေရာမှာ ဖုန်းပြောပြီး ဒေါသထွက်လာတဲ့ သူငယ်ချင်းဖြစ်သူ ရင်အေးကို စိတ်ပူစွာ မေးလိုက်သည်။

"ငါ့ညီမ အခုတွဲနေတဲ့ ကောင်လေးက ငါ့ညီမကို ဖြတ်သွားလို့ ..."

ထူးဆန်းလို့လားဆိုတဲ့သဘောနဲ့ ပန် ရင်အေးကို ကြည့်လိုက်သည်။ သူ့ညီမခတ္တာဆိုတာပြောလို့ပြောတာ မဟုတ်ဘူး အနေထိုင်က သိမ်မွေ့တဲ့သူမှ မဟုတ်ပဲ။ ဖြတ်သွားတဲ့ကောင်လေးကလည်း အကြောင်းရှိလို့နေမှာပေ့ါ။ သူများညီမ မကောင်းကြောင်းကို စိတ်ထဲကတွေးနေပေမဲ့ ဝဋ်ဆိုတာလည်း ရှိသေးတာ။ သူ့မှာလည်း သူ့ညီမလေးရှိသေးသည်။ သူများမကောင်းကြောင်း တွေးမနေတော့ပါဘူးဆိုပြီး ရင်အေးကိုသာ ဒေါသမထွက်ဖို့ ဖျောင်းဖျရန် စကားစလိုက်၏။

"ကဲပါ ရင်အေးရယ် ဒေါသလည်း ထွက်မနေပါနဲ့တော့ အကြောင်းရှိလို့ ထားခဲ့တာ နေမှာပေ့ါ နင့်ညီမလေးနဲ့ အဲ့ကောင်လေးတွဲတာ ဘယ်လောက်ကြာပြီး ဘာတွေဖြစ်ခဲ့လို့ နင်ဒေါသထွက်နေရတာလဲ ..."

"ပြောပြန်ရင်လည်း မကောင်းပဲရှိတော့မယ် ..."

ဆိုပြီး ဒေါသထွက်နေရာမှ ငိုကြီးချက်မဖြစ်သွားတဲ့သူကြောင့် ပန်လည်း သူ့ကိုအခန်းထဲဆွဲခေါ်ခဲ့တော့သည်။

"ရော့ ..."

အထဲရောက်တော့ စားပွဲပေါ်က တစ်ရှူးကိုယူကာ သုတ်ဖို့ကမ်းပေးရင်း

"ငိုမနေပါနဲ့တော့ ငါ့ကိုပြောချင်ရင် ပြောလို့ရပါတယ် ..."

အငိုတိတ်ပြီး သူမကို ကြည့်လာကာ ...

"ငါ့ညီမနဲ့သူတွဲတာ ၁နှစ်ရှိပြီ အရမ်းချစ်ကြတော့ ငါ့ညီမဘက်က သူ့ဆန္ဒကို လိုက်လျောပေးခဲ့တယ် အခုဟာ ငါ့ညီမ ... အင့် ... ငါ့ညီမမှာ ကိုယ်ဝန်ရှိ

နေပြီ အဲဒါကို သူက တာဝန်မယူနိုင်ပါဘူးဆိုပြီး ထားခဲ့တာတဲ့ ..."

ဖြစ်နိုင်ပ့ါမလားလို့တွေးရင်း သူငယ်ချင်းရဲ့အပြောကိုလည်းမယုံချင်။ ရင်အေးဆိုတဲ့သူမက နာမည်သာအေးမယ် ပုံစံကလုံးဝမအေး။ သူငယ်ချင်းမို့သာ သည်းခံပေါင်းနေတာ စကားဒဂခွန်းပြောရင် ၄ခွန်းလောက်သာ မှန်သည်။ အခုစကားကမယုံလို့မဖြစ်ပေမဲ့ သူမညီမဘဝနဲ့ သက်ဆိုင်နေတော့ လောင်းကြေးထပ် ဂုဏ်သိက္ခာကျခံပြီး မပြောလောက်ဘူးလို့ ပန်တွေးလိုက်မိသည်။

"နင့်ညီမလေးနဲ့ ဖြစ်တဲ့သူ ဘယ်သူလဲ ..."

"မီးပြတိုက် ..."

"မီးပြတိုက်"

နာမည်ကို သံယောင်လိုက်ရင်း ထိုကောင်လေးဘာကြောင့် ဒီလိုလုပ်ရက်သလဲဆိုတဲ့ အတွေးက ဝင်လာခဲ့ရသည်။ နာမည်နဲ့မလိုက် နှမချင်းကိုယ်ချင်းမစာနိုင်တဲ့ ထိုကောင်လေးရဲ့နာမည်နဲ့ အကြောင်းတွေကိုသိရတော့ အကြောင်းမဲ့သက်သက် ပန်ကြည့်မရအောင်ဖြစ်ရ၏။ မိန်းမရှုပ်ကာ ကြုံရင်ကြုံသလို အခုလိုမျိုးလုပ်တတ်တာကို ခဏ္ဍာကသိပေမဲ့ သူမကို သူချစ်နေတာပဲဆိုတဲ့ စိတ်ကြောင့် သည်းခံတွဲလာတာ အခုကိုယ်ဝန်ရှိမှ ထားခဲ့တာကြောင့် ရင်အေးက ဒေါသထွက်နေတာတဲ့။

ခဏ္ဍာပဲ အညာလွယ်လို့လား သူကပဲ အပြောကောင်းခဲ့လို့လား ပန်မတွေးတတ်ပေမဲ့ စိတ်ထဲမှာတော့ ထိုကောင်လေးကို ခုသွားခဲ့သည်။ သူ့ဟာသူ နာမည်ကြီးကုမ္ပဏီတစ်ခုရဲ့ အမွေဆက်ခံသူမကလို့ ဘာပဲဖြစ်ဖြစ် ဆောင်းပန်ပလွှာ ဆိုတဲ့ သူမက စိတ်ထဲခုနေရင် ထိုလူကို မတွေ့မြင်ဖူးချင်တော့ ...

...။

***

"ကိုခွင်း ... ကိုခွင်း ခဏနေပါဦး ရတီ့ကိုစောင့်ပါဦး ကိုခွင်း ... ..."

ခွင်း ကြော်ငြာအဆုံးသတ်ခန်းကို ရိုက်ပြီးတာနဲ့ပြန်ဖို့အတွက် ပစ္စည်းတွေသိမ်းရန် ဟိုတယ်က အခန်းကိုပြန်အလာ အနောက်ကနေ အရှက်မရှိ သူ့နာမည်ကိုတစာစာခေါ်ပြီး တကောက်ကောက် လိုက်နေတဲ့ ရတီခင်ကို စိတ်ပျက်မိသည်။ မလွှဲသာလို့သာ သူမနဲ့ဒီကြော်ငြာကို ရိုက်ဖို့လက်ခံခဲ့ရတာ။ သူမကလည်း အခုလက်ရှိ နာမည်ရပြီးအောင်မြင်နေတဲ့ မော်ဒယ်တစ်ဦးမို့ သူနဲ့တွဲရိုက်ရင် အဆင်ပြေနိုင်တယ်ဆိုပြီး ပရိုဂျူဆာရဲ့အပြောကြောင့်သာ လက်ခံရတာ သိပ်ပြီး ဘဝင်ကျလှသည်မဟုတ်။ အရင်ရက်တွေက ရှူတင်မှာသာ တကပ်ကပ်လုပ်ပေမဲ့ ဒီနေ့တော့ သူနေတဲ့နေရာထိပါ လိုက်လာလို့ နဂိုကတည်းက မိန်းကလေးတွေနဲ့ မပတ်သက်ချင်သူပီပီ သူမကြောင့်စိတ်ရှုပ်ကာ ခေါ်နေပေမဲ့လှည့်မကြည့်။

ရတီ သူခေါ်တာကို လှည့်မကြည့်တဲ့ ခွင်းကြောင့် ဒေါသထွက်နေမိသည်။ သူမကို ဒီလုပ်တာ သိပ်ကြိုက်လှသည်မဟုတ်။ ရတီခင်ဆိုတဲ့သူမက ပုရိသတိုင်းရဲ့အသည်းစွဲဖြစ်နေပြီး သူမဆို ဂရုစိုက်တဲ့လူတွေပေါလွန်းလို့။ သူမကသာ သူမအနားခစားနေတဲ့ ပုရိသတွေထက် မိန်းကလေးတွေနဲ့ မပတ်သက်ဘဲ နေချင်တဲ့ စကြာဝဠာခွင်းရဲ့ တစ်ဦးတည်းသောသူလေး ဖြစ်ချင်မိနေတာ။ အခုလိုလုပ်နေတော့ သူမအတွက်ခံပြင်းစရာ။ သူမရဲ့အလှက သူတစ်ယောက်တည်းအတွက်ပဲ အသုံးမဝင်တာလား။

"ကိုခွင်း နေဦးလို့ ရတီပြောနေတယ်လေ ..."

ခွင်းလည်း သူ့အခန်းနားနီးလာတာကြောင့် အခန်းရှေ့ထိ လိုက်လာမှာစိုးတာနဲ့ ရပ်နေလိုက်သည်။ အနောက်ကနေ ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်က အောက်ခင်းကြွေပြားနဲ့ ထိသံကြောင့် ပြင်းစွာကြားနေရပြီး ထိုကြွေပြား

တွေ ကွဲအက်သွားမှာတောင်စိုးရကာ သူ့အနောက်ကို သူမပြေးလိုက်နေတယ်ဆိုတာ သိသာနေသလို သူမပုံစံက အရှိန်ကိုထိန်းနိုင်မယ့်ပုံလည်း မမြင်နိုင်တာကြောင့် အနားနီးလာတဲ့ အသံကိုကြားတာနဲ့ ခွင်း ဘေးကိုကပ်ရပ်နေလိုက်တော့ ရုတ်တရက်ဆိုတဲ့သူမ အရှိန်နဲ့မှောက်ရက်လဲကျသွားခဲ့သည်။ ဒါကိုခွင်းကမထူဘဲ နှုတ်ခမ်းတစ်ချက်တွန့်ရုံမှပြုံးရင်း သူမကို လဲကျတဲ့အတိုင်းထားခဲ့ကာ ထွက်လာခဲ့တော့သည်။

ရုတ်တရက်တစ်ယောက် ထိုနေရာမှ မထနိုင်သေးသလို သူမကိုလျစ်လျူရှုကာ ထားခဲ့နိုင်သူကြောင့်လဲ ကြိတ်မနိုင်ခဲရ ဖြစ်နေရသည်။

"အစ်မ အဆင်ပြေလား ..."

ဆိုပြီး ကိုယ်ကိုညွတ်ကာ လက်ကမ်းပေးလာသူ ကောင်လေးကြောင့် သူမလည်း ထိုလက်ကို တွဲရင်း ထရပ်လိုက်တော့သည်။ ဘေးမှာရပ်ကြည့်နေတဲ့သူတွေကြောင့်လည်းရှက်လျက်။ အသံလေးက ဆွဲဆောင်မှုရှိတဲ့ကောင်လေးကို သူမရှက်ရှက်နှင့် တစ်ချက်လှမ်းကြည့်လိုက်တော့ ... အံ့သြပြီး ဘာပြောရမှန်းမသိအောင် ပိုပြီး ရှက်ဒေါသတွေ ဖြစ်ခဲ့ရသည်။ သွားကခေါက်ာမျက်နှာမှာ ဝက်ခြံဖုတွေနဲ့ ပါဝါထူထူမျက်မှန်ကြီးကလည်း နေရာယူထားတော့ သူမကိုထူပေးတာတောင် ကျေးဇူးမတင်နိုင်ဘဲ လှည့်ထွက်ခဲ့တော့သည်။ ရုပ်နဲ့အသံမှမလိုက်။ သူမအတွက်တော့ ပြဿဒါးဖြစ်နေတော့သည်။

***

ညရောက်တော့ ထိုသတင်းက တက်လာခဲ့သည်။

မုန်းတစ်ယောက် ထိုသတင်းနဲ့ပုံတွေကို ကြည့်ရင်း သဘောကျလျက်။

"မုန်း ညီမလေး ဘာတွေ သဘောကျနေတာလဲ ... ."

မေးလည်းမေး လက်ထဲက သူမစားချင်တယ် ဆိုတာကြောင့် သုပ်ပေးလာတဲ့ လက်ဖက်သုပ်ပန်းကန်ကို ကိုင်ရင်း မမက မုန်းအနားရောက်လာခဲ့သည်။

"ဒီမှာလေမမ ..."

မုန်းကမ်းပေးလာတဲ့ဖုန်းကို လက်ဖက်ပန်းကန်နဲ့ လဲကိုင်ရင်း ပန်ကြည့်လိုက်သည်။ မော်ဒယ်မင်းသမီး ရတီခင်လဲတာကို သရုပ်ဆောင်စကြာဝဠာခွင်းမှ မထူဘဲရှောင်ထွက်သွား ...

နောက်သတင်း တစ်ပုဒ်ကတော့ ...

မော်ဒယ်မင်းသမီးရတီခင်ရဲ့ဖူးစာရှင် မင်းကုသနဲ့ ဆုံစည်းပုံ

ထိုစာတွေကိုဖတ်ရင်း ညီမလေးမပြောနဲ့ ကိုယ်တောင် သဘောကျချင်သွားသည်။ ရတီခင်ဆိုတဲ့သူမက ပျာယာခတ်နေတဲ့ သူမဟုတ်လား။ သူမလည်း ရယ်ချင်စိတ်ကိုထိန်းရင်း.

"ကဲပါ သူများအကြောင်းဖတ်ပြီး သဘောမကျနေနဲ့ ရှင်လေးစားချင်တယ်ဆိုလို့သာ ကျွန်မက သုပ်ကျွေးရတာ ဗိုက်တွေအောင့်မယ် သိပ်မစားနဲ့ ... တကတဲ မိုးချုပ်မှစားချင်ရတယ်လို့ အစပ်တော့လျှော့ထားတယ်နော် မယ်မင်းကြီးမလေး ..."

သူ့ညီမလေးက စားချင်တာရှိရင် နေ့တွေညတွေခွဲမနေဘူး လုပ်ခိုင်းတတ်တာကြောင့် သူမကြိုက်မယ့်ဟာလေးတွေ အကြိုက်တွေ့စေမယ့်ဟာလေးတွေ အကုန်လုံးကို ပန်က အဆင်သင့်ဝယ်ထားရတာ။ ညဆို တစ်ခုမဟုတ်တစ်ခု သူမလေးက အမြဲ လုပ်ခိုင်းတတ်သည် မဟုတ်လား။

"ဟုတ်ကဲ့ပါမမရဲ့ မုန်းအကြောင်းလည်း မမသိရဲ့သားနဲ့ ... ဟီး ... လက်ဖက်လေးက အရမ်းစားကောင်းတယ် သုပ်ကျွေးလို့ရှုံရှုံပါမမ ..."

ပြောင်စပ်စပ်နဲ့ ပြောလာတဲ့ညီမဖြစ်သူ ခေါင်းကိုမနာအောင် ဖွဖွလေးထုရင်း ...

"စားပါ ရှင်လေး စားပြီးအောင်စောင့်နေတာ ... စားသာစားချင်တာ ရှင်လေးက အပျင်းက ထူသေး ဘယ်တော့မှ စားပြီးသားပန်းကန် မဆေးချင်ဘူး ..."

မမအပြောကိုဘာမှ ပြန်မပြောဘဲ မုန်းသွားဖြဲကာ ပြုံးပြလိုက်သည်။

သူမလက်ဖက်စားတာ ကုန်ခါနီးတာလည်းမြင်ရော မမက ရေချိုးခန်းဘက်ကို ထွက်သွားသည်။ ဒါဘာလုပ်တာလဲဆိုတာ ပြောစရာပင်မလို သူမအတွက် ညအိပ်ရာဝင်ခါနီးတိုင်း ခြေထောက်လက်ထောက်ဆေးဖို့ ရေနွေးနွေးလေးသွားစပ်ရင်း သွားတိုက် မျက်နှာသစ်ဖို့ပါ အဆင်သင့် သွားပြင်ပေးတာ။ မုန်းကို ကလေးတစ်ယောက်လို အခုချိန်ထိ မမကလုပ်ပေးနေတုန်း။ ဘယ်လောက်ပဲ ပင်ပန်းတာတွေ ရှိပါစေ ထိုအရာတွေလုပ်ဖို့ မမက ဘယ်တော့မှ ပျက်ကွက်သည်ဆိုတာ မရှိ။

"မမသွားတော့မယ် သန့်ရှင်းရေးလုပ်ပြီး အခန်းမီးကိုပြောင်းဖို့ မမေ့နဲ့နော်"

လက်ဖက်ပန်းကန်ကို ယူသွားကာ အခန်းရှေ့ရောက်တဲ့အထိ မမကမှာနေတုန်း။ မုန်းလည်းခေါင်းညိတ်ပြကာ ...

"ဟုတ်ကဲ့ပါမမရဲ့ စိတ်ချ မုန်း လုံးဝမမေ့ဘူးနော် ..."

ထိုအခါမှမမက စိတ်ချလေဟန်နဲ့ အခန်းတံခါးပိတ်ကာ ထွက်သွားတော့သည်။ မုန်း လည်းခုတင်ပေါ်ကဆင်းပြီး ရေချိုးခန်းထဲ ဝင်ခဲ့တော့တယ်။

***